MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

MARCH 2025, ISSUE



## MGMA ၏ အထွေထွေအတွင်းရေးမှူး AFTEX 52nd Council Meeting and 51st Plenary Session သို့တက်ရောက်

စာ - ၂ သို့ >>>>>>>>>>

## မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများအပေါ် ဆွေးနွေးပွဲ

စာ - ၃ သို့ >>>>>>>>>>

# MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



စာ - ၅ သို့ >>>>>>>>>>

# မာတိကာ

**အသင်း၏လှုပ်ရှားမှုနှင့်သတင်းများ** **စာမျက်နှာ**


MGMA ၏ အထွေထွေအတွင်းရေးမှူး AFTEX 52nd Council Meeting and 51st Plenary Session သို့တက်ရောက်........................................................................................................ ၂

မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများအပေါ် ဆွေးနွေးပွဲ .......................... ၃-၄

MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၅

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး .................................................................. ၆

Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၄ ) ................................................. ၇-၈

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ........................................................................................................ ၉-၁၀

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ........................................................................................................ ၁၁

မိမိ ဆန္ဒအလျှောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း .................. ၁၂

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၅၀) ........................................................... ၁၃-၁၄

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၅၁) ........................................................... ၁၅-၁၆


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training | April | Member Factory |
| 2. | Helping Hands activities to powerful earthquake affected region | April | Mandalay, Sagaing |
| 3. | Annual General Meeting | TBC | TBC |

## Membership Update


New Member in March 2025 ............................................................... ၁၇

Membership update as of March 2025 ..................................................... ၁၇

# MGMA ၏ အထွေထွေအတွင်းရေးမှူး AFTEX 52nd Council Meeting and 51st Plenary Session သို့တက်ရောက်



ကမ္ဘောဒီးယားနိုင်ငံတွင်ပြုလုပ်ခဲ့သော AFTEX 52nd Council Meeting and 51st Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံရှိ Sun & Moon Riverside Hotel ၌ပြုလုပ်ခဲ့သည်။

အထွေထွေအတွင်းရေးမှူးသည် မတ်လ ၂၇ ရက်တွင် Chief Delegates Dinner သို့တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် AFTEX ဥက္ကဋ္ဌတာဝန်ကို ကမ္ဘောဒီးယားနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် AFTEX Emeritus ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားခဲ့သည့် အပြင် AFTEX ဥက္ကဋ္ဌမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် အစီရင်ခံစာများကို အသီးသီး တင်ပြကြသည်။

အစည်းအဝေးသို့ Vietnam Textile and Apparel Association (VITAS), Indonesia Textile Association (API), Association of the Lao Garment Industry (ALGI), Malaysian Textile Manufacturers Association (MTMA), Myanmar Garment Manufacturers Association (MGMA), Confederation of Garment Exporters of the Philippines (CONGEP), Singapore Textile and Fashion Federation (TAFF), The National Federation of Thai Textile Industries (NFTTI) အစရှိသော အဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြသည်။





# မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများအပေါ် ဆွေးနွေးပွဲ



**During One Minute Silence While Standing**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း မှကြီးမှူး၍ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများအပေါ်ဆွေးနွေးပွဲ ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်တွင် UMFCCI Office Tower၊ ပထမထပ်ရှိ မင်္ဂလာခန်းမ၌ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားအစီစဉ်မစတင်မီ (မတ်လ ၂၈ ရက် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့တဲ့ အင်းအားပြင်းထန်သော ငလျင်ကြီးလှုပ်ခတ်မှုကြောင့် အသက်အိုးအိမ်ထိခိုက် ဆုံးရှုံးသွားခဲ့ကြသော ပြည်သူများအတွက် ဝမ်းနည်းစာနာသောအားဖြင့် တက်ရောက်လာသည့် ဧည့်သည်တော်များမှ ဝမ်းနည်းစာနာမှု ကိုပြသရန်အတွက် ၁ မိနစ်ခန့် မတ်တပ်ရပ်၍ ငြိမ်သက်ပေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ပထမဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဦးမြင့်စိုး မှ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ နှင့် စပ်လျဉ်း၍အမှာစကားပြောကြားခဲ့သည်။ ထို့နောက်မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌ ဦးအေးထွန်းမှ မြန်မာနိုင်ငံရှိ CMP လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် နှင့် မြန်မာနိုင်ငံအထည်ချုပ်ငန်းရှင်များအသင်း ၏ အထွေထွေအတွင်းရေးမှူးချုပ်၊ ဒေါ်ခိုင်ခိုင်နွယ် မှ " မြန်မာ့အထည်ချုပ် လုပ်ငန်းကဏ္ဍ နှင့် CMP လုပ်ငန်းများ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ" နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ဆွေးနွေးပွဲသို့ UMFCCI ၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌ၊ KOGAM, CTGA, JGMA, MGMA အဖွဲ့ဝင်စက်ရုံမှ တာဝန်ရှိလူကြီးမင်းများ နှင့် MIA အဖွဲ့ဝင်စက်ရုံများမှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။



U Aye Win, Chairman of UMFCCI delivering opening remarks



U Myint Soe, Chairman of MGMA giving keynote message



U Aye Tun, Chairman of MIA giving keynote message



Daw Khine Khine Nwe, Secretary General of MGMA presenting current situation of Myanmar garment sector



Members



Members





Q & A Session

# MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် တွင် Lanting Creative Restaurant ၌ Hong Kong Myanmar Manufacturers' Association (HKMMA) မှကြီးမှူးကာ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အသင်း ၅ သင်းမှ လက်ရှိမြန်မာနိုင်ငံ ၏ လျှပ်စစ်ရရှိမှုအခြေအနေများ၊ အလုပ်သမားရရှိမှုအခြေအနေများ နှင့် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများကိုဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ MGMA ၏ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA), Chinese Textile & Garment Association in Myanmar (CTGA) နှင့် Hong Kong Myanmar Manufacturers' Association Limited (HKMMA) တို့မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။



# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။




အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ အောက်ပါလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

- VIATT 2025 နှင့်ပတ်သက်သည့် တင်ပြချက်များ
- ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်မှ ၃၀ ရက်ထိ ဟောင်ကောင်မြို့တွင် ပြုလုပ်မည့် HK Fashion In Style 2025 သို့ MGMA နှင့် အဖွဲ့ဝင်စက်ရုံများသွားရောက်လေ့လာမည့်ကိစ္စရပ်များ
- DICA နှင့် OSS တို့မှ ဦးဆောင်သည့် စက်ရုံစစ်ဆေးရေး သွားရောက်ခဲ့သည့် လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ
- MGMA မှ ကျင်းပမည့် ပွဲအခမ်းအနားများ
- Working Group meeting များ၏ ၆ လတာဖြတ် အလုပ်ရုံဆွေးနွေးပြုလုပ်မည့်ကိစ္စရပ်များ

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ နှင့် ဗဟိုအလုပ်အမှုဆောင် /အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

# Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၄ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၈၄) ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်မှ ၂၈ ရက်ထိ မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။




MGHRDC ၏ မန်နေဂျာ ဒေါ်မြသီတာစိုးမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့်သင်ကြားပေးခဲ့သည်။

MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နှင်းသက်မွန် မှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Diamond Sea Sar Garment Co., Ltd တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိလာသောအချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည် ပြုလုပ်ခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၁၇) ဦးတက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။












# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်နှင့် ၂၅ ရက်များတွင် Famoso Clothing Co., Ltd နှင့် Sincere Season (Myanmar) Garment Co., Ltd တို့၌ပြုလုပ်ခဲ့သည်။

MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှအဖွင့်အမှာစကားပြောကြားခဲ့ပြီးသင်တန်းကို စတင်ခဲ့သည်။ သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။ ထို့နောက် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှသင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး Famoso Clothing Co., Ltd ၏ OSH ကော်မတီအဖွဲ့ဝင် နှင့် ဝန်ထမ်း စုစုပေါင်း (၁၇) ဦး နှင့် Sincere Season (Myanmar) Garment Co., Ltd ၏ OSH ကော်မတီအဖွဲ့ဝင် (၁၅) ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

## Famoso Clothing Co., Ltd











## Sincere Season (Myanmar) Garment Co., Ltd









# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်၊ ၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အထည်ချုပ်စက်ရုံများမှ Operator Level ဝန်ထမ်း (၈၀) ယောက် အား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။













# မိမိ ဆန္ဒအလျှောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ မတ်လ တွင် အသင်းဝင်စက်ရုံ ( ၁ ) ရုံအားသွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ Golden-5 Garment Manufacturing Co., Ltd သို့ MGMA ၏ Senior Labour Officer မှ မတ်လ ၇ ရက်နေ့တွင် VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှု စစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



**Golden-5 Garment Manufacturing Co., Ltd**

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၀)



Batch – 250 Group Photo

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၀) ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ မတ်လ ၇ ရက်ထိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)မှ ကျောင်းအုပ်ကြီး ဦးဇေယျာလင်း မှ အဖွင့်အမှာစကားနှင့် သင်တန်းဆင်းအမှာစကားကို ပြောကြားခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့် သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၁၇) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Principle of GTHS giving Closing Remarks



MGMA conducting Labor Law Awareness



Trainer of MGHRDC presenting Sewing Method



Trainer of MGHRDC presenting Sewing Method



Practice Session



Group Work



Awarding Certificates



Awarding Certificates




Trainer of MGHRDC presenting Sewing Method



Trainer of MGHRDC presenting Sewing Method

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၁)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၁) ကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၀ ရက် မှ ၂၈ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)မှ ကျောင်းအုပ်ကြီး ဦးဇေယျာလင်း မှ အဖွင့်အမှာစကားနှင့် သင်တန်းဆင်းအမှာစကားကို ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းအပိတ်အမှာစကားကို သင်တန်းသို့ သင်တန်းသား (၂၆) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Batch – 251 Group Photo



Principle of GTHS giving Opening Remarks



Trainer of MGHRDC presenting Sewing Method



Trainer of MGHRDC presenting Sewing Method



MGMA conducting Labor Law Awareness





Practice Session



Practice Session




Practice Session



Practice Session



Awarding Certificate



Awarding Certificate

# MEMBERSHIP UPDATE

New Members in March 2025

| Country | No. of New Member Factories |
|---|---|
| Myanmar | 1 |
| China | 2 |
| **Total** | 3 |

Membership Update as of March 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 65 |
| | China | 336 |
| | Korea | 56 |
| | Japan | 17 |
| | Others | 19 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 50 |
| Total (Active) | | 567 |
| Temporary Closed | | 53 |